## ဝေါဟာရဆိုင်ရာ ဘာသာရပ်အမည်များနှင့် အတိုမှတ်စာရင်း

| ပညာရပ် | အတိုမှတ် | မြန်မာ | အင်္ဂလိပ် |
|---|---|---|---|
| စီးပွားရေး | တ | စာရင်းအင်းပညာ | Statistics |
| | ဘ | ဘောဂဗေဒ | Economics |
| | ဝါ | ဝါဏိဇ္ဇဗေဒ | Commerce |
| စက်မှုသိပ္ပံ | ချည် | ချည်မျှင်နှင့် အထည်လိုင်း အင်ဂျင်နီယာ | Textile Engineering |
| | စက် | စက်မှုအင်ဂျင်နီယာ | Mechanical Engineering |
| | တွင်း | သတ္တုတွင်း အင်ဂျင်နီယာ | Mining |
| | ဓာ | ဓာတုအင်ဂျင်နီယာ | Chemical Engineering |
| | ဗိ | ဗိသုကာအင်ဂျင်နီယာ | Architecture |
| | မြို့ | မြို့ပြအင်ဂျင်နီယာ | Civil Engineering |
| | လျှပ် | လျှပ်စစ်အင်ဂျင်နီယာ | Electrical Engineering |
| | သတ္တု | သတ္တုဗေဒ | Metallurgy |
| စိုက်ပျိုးရေး | စိုက် | စိုက်ပျိုးရေး | Agriculture |
| ဆေးသိပ္ပံ | ကလ | ကလေးကျန်းမာရေးပညာ | Child Health |
| | ကာ | ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာ | Preventive and Social Medicine |
| | ခန္ | ခန္ဓာဗေဒ | Anatomy |
| | ခွဲ | ခွဲစိတ်ကုပညာ | Surgery |
| | ဇက | ဇီဝကမ္မဗေဒ | Physiology |
| | ဇဓ | ဇီဝဓာတုဗေဒ | Biochemistry |
| | ဆဝ | ဆေးဝါးဗေဒ | Pharmacology |
| | ဆေး | ဆေးပညာ | Medicine |
| | ကု | အဏုဇီဝဗေဒ | Microbiology |
| | မီး | သားဖွားနှင့်မီးယပ်ပညာ | Obstetrics and Gynaecology |
| | ရော | ရောဂါဗေဒ | Pathology |
| | ဥဆ | ဥပဒေရေးရာဆေးပညာ | Jurisprudence |
| တိရစ္ဆာန်ဆေးကု | တိ | တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး | Veterinary |
| ဝိဇ္ဇာနှင့် သိပ္ပံ | စိတ် | စိတ်ပညာ | Psychology |
| | ဒ | ဒဿနိက | Philosophy |
| | ဓာ | ဓာတုဗေဒ | Chemistry |
| | နု | မနုဿ | Anthropology |
| | ပ | ပထဝီ | Geography |
| | ဘူ | ဘူမိဗေဒ | Geology |
| | ရူ | ရူပဗေဒ | Physics |
| | ရုက္ခ | ရုက္ခဗေဒ | Botany |
| | သ | သမိုင်း | History |
| | သင် | သင်္ချာ | Mathematics |
| | သစ် | သစ်တော | Forestry |
| | သတ္တ | သတ္တဗေဒ | Zoology |
| | ဥ | ဥပဒေ | Law |

တက္ကသိုလ် ပညာရပ်ဝေါဟာရများသည် ယခင် အထက်တန်းပညာဦးစီးဌာန (ယခု အဆင့်မြင့်ပညာဦးစီးဌာန) တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနက ဝိဇ္ဇာ၊ သိပ္ပံဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်အတူ ၁၉၇၁ ခုနှစ် အောက်တိုဘာလမှ ၁၉၇၄ ခုနှစ် ဇူလိုင်လအထိ ပြုစုတည်းဖြတ်၍ ထုတ်ဝေခဲ့သော အဘိဓာန်စာအုပ်တစ်အုပ် ဖြစ်ပါသည်။

ပထမအကြိမ်ထုတ်ဝေစဉ်က အတွဲ ၈ တွဲ ခွဲ၍ ထုတ်ဝေခဲ့ပြီး နောက်ဆက်တွဲများကိုပါ သီးခြားဖော်ပြ ထုတ်ဝေခဲ့ပါသည်။ ဒုတိယအကြိမ်အဖြစ် အတွဲ ၈ တွဲကို ပေါင်းစည်းလျက် ၁၉၈၀ ပြည့်နှစ်တွင် တစ်ကြိမ် ထုတ်ဝေခဲ့ပါသည်။

တက္ကသိုလ် ပညာရပ်ဝေါဟာရများ အဘိဓာန်တွင် စီးပွားရေးဘာသာရပ်ဆိုင်ရာ ဝေါဟာရများ၊ စက်မှုသိပ္ပံဘာသာရပ်ဆိုင်ရာ ဝေါဟာရများ၊ စိုက်ပျိုးရေးဘာသာရပ်ဆိုင်ရာဝေါဟာရများ၊ ဆေးပညာဘာသာရပ်ဆိုင်ရာ ဝေါဟာရများ၊ တိရစ္ဆာန် ဆေးကုသခြင်းဘာသာရပ်ဆိုင်ရာ ဝေါဟာရများ၊ ပညာရေးဘာသာရပ်ဆိုင်ရာ ဝေါဟာရများ၊ ဝိဇ္ဇာနှင့်သိပ္ပံ ဘာသာရပ်ဆိုင်ရာ ဝေါဟာရများ အစရှိသည့် ဘာသာရပ်ဆိုင်ရာ ဝေါဟာရပေါင်း ခုနစ်သောင်းကျော် ပါရှိပါသည်။

ဘာသာရပ်ဆိုင်ရာ ဝေါဟာရများကို ဖော်ပြရာတွင် မြန်မာဘာသာစကားဖြင့် အနက်ပြန်ဆိုထားခြင်းများ ရှိသကဲ့သို့ အသံဖလှယ် ဖော်ပြထားခြင်းများလည်း ပါဝင်သည်။ အချို့သော ဝေါဟာရများသည် ဘာသာရပ်အလိုက် အသုံးအနှုန်း၊ အဓိပ္ပာယ်အမျိုးမျိုး ရှိပါက သီးခြားအထူးပြုဘာသာရပ်ကိုပါ တစ်ပါတည်း ထည့်သွင်းဖော်ပြပေးထားသည်။ ထို့ပြင် ဝေါဟာရတစ်ခုအတွက် အနက်ပြန်ဝေါဟာရသော်လည်းကောင်း၊ အသံလှယ်ဝေါဟာရ သော်လည်းကောင်း အသုံးအမျိုးမျိုးအတွက် တစ်မျိုးထက် ပို၍ ရှိနေလျှင် ရှိသမျှကို နံပါတ်ထိုး၍ ဖော်ပြထားပါသည်။

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနအနေဖြင့် ပညာရပ်ဝေါဟာရ အတွဲ ၈ တွဲအား လက်လှမ်းမီစွာ အကိုးအကား အထောက်အကူပြုမည့် စာအုပ်အဖြစ် ထွက်ပေါ်လာနိုင်ရေးအတွက် မူလထုတ်ဝေခဲ့ပြီးဖြစ်သော မူရင်းစာအုပ်ရှစ်အုပ်ပါ ဝေါဟာရများကို ပြန်လည်ဆန်းစစ်ခြင်း၊ တည်းဖြတ်ခြင်းနှင့် ဖြည့်စွက်ခြင်း၊ ခေတ်အလျောက် ပြောင်းလဲလာသော ရေးထုံး၊ အဓိပ္ပာယ် ဖွင့်ဆိုချက်များဖြင့် ထုတ်ဝေပါသည်။

ယခု ပြန်လည်ထုတ်ဝေရာတွင် မူလစာအုပ်များတွင် ပါဝင်သော နောက်ဆက်တွဲ ဝေါဟာရများကို အဘိဓာန် စာကိုယ်တွင် တစ်ပါတည်း ထည့်သွင်းဖော်ပြထားပါသည်။